တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ

# Ethnic National Development Party (ENDP)

၏

## ဖွဲ့စည်းပုံစည်းမျဉ်းများ၊ ဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များ



လိုင်လင်းပီကျေးရွာ၊ မတူပီမြို့နယ်
ချင်းပြည်နယ်

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ENDP

# တိုင်းရင်းသား လူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်း

**Ethnic National Development Party (ENDP)**

## နိဒါန်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး၊ တန်းတူညီမျှရေးတို့ကို အခြေခံထားလျက် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်နိုင် မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စု မပြိုကွဲရေး တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစသည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားလျက် တိုင်းရင်းသားလူမျိုးစုများအား တိမ်ကောပပျောက်ခြင်း မရှိဘဲ ကြံ့ခိုင်စွာရပ်တည်နိုင်ရေး၊ ခေတ်မီဖွံ့ဖြိုး တိုးတက်နိုင်ရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ လေးစားထိန်းသိမ်းစေရေးတို့ကို ရည်ရွယ်လျက် "တိုင်းရင်းသား လူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ" ကို ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်သည်။

## ၂။ အမည်နှင့်အဓိပ္ပာယ်

ပါတီ၏အမည်မှာ "တိုင်းရင်းသား လူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ" ဖြစ်သည်။ အင်္ဂလိပ်ဘာသာအားဖြင့် "Ethnic National Development Party (ENDP)" ဟုခေါ်တွင်စေရသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများ အားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးများကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းကို ဖော်ပြသည်။

## ၃။အဖွဲ့၏တည်နေရာ

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများ အားလုံးအကျိုးဖြစ်ထွန်းစေရန်နှင့် ခံယူကျင့်သုံးရန်အတွက် လိုအပ်သော ပါတီပေါ်လစီ မူဝါဒသဘောထားများကို ဖော်ပြထားပါသည်။ သို့သော် လက်ရှိ ချင်းပြည်နယ် တည်နေရာ၊ နယ်နိမိတ်အတွင်းသာ ပါတီနိုင်ငံရေးလုပ်ငန်းများ၊ စည်းရုံးလှုပ်ရှားမှုများကို ဆောင်ရွက်မည်ဖြစ်သည်။

၄။ အလံ



လေးထောင့်ရှိအပြာရောင်စတုရန်းကွက်တွင် အလယ်မှာအနီရောင်ဖြတ်ထားပြီး ယင်းနှစ်ခုဆုံရာတွင်စက်ဝိုင်းအစိမ်းရောင်၏အလယ်တွင် ထောင့်ငါးထောင့်ပါသော အဖြူရောင်ကြယ်ထားရှိပါသည်။ ၎င်းတို့သည် ယဉ်ကျေးသိမ်မွေ့ပြီး ဖြူစင်သောစိတ်နှလုံးများဖြင့် ပူးပေါင်းခြင်းကို ဖော်ပြထားပါသည်။

## ၅။ ပါတီ၏အမှတ်သင်္ကေတ




ပါတီ၏အမှတ်သင်္ကေတအဖြစ် ပေါက်တူးနှင့် ဓါးနှစ်ခုကြားတွင် စပါးနှံထားရှိသည်။ ရှင်းလင်းချက်မှာ တိုင်းရင်းသားလူမျိုးစုများသည် အသက်မွေးဝမ်းကြောင်းဖြစ်သော စပါးများထုတ်လုပ်ရာတွင် ပေါက်တူနှင့် ဓါးအသုံးပြုခြင်းကို အမှတ်တရ ဖော်ပြထားခြင်းဖြစ်သည်။

## ၆။ ပါတီတံဆိပ်တုံး




အတွင်းအပြင် စက်ဝိုင်းနှစ်ခုကြား၌ ထိပ်ဖက်တွင် "တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ ဟူ၍ လည်းကောင်း၊ လိုင်လင်းပီ ဟူ၍လည်းကောင်း၊ ၎င်းအတွင်းဖက် တွင် စာအမှတ်၊နေ့စွဲ ဟူ၍လည်းကော်း ဖော်ပြထားသည်။

## ၇။ ပါတီ၏ရည်ရွယ်ချက်

တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးစုများအား -

(၁) လူနေမှုဘဝ ဆက်လက် ဖွံ့ဖြိုးတိုးတက်မြင့်တင်စေရန်

(၂) ကောင်းမွန်သော မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းကာကွယ်ပြီး တိုးတက်မြင့်မားစေရန်။

(၃) တိုင်းရင်းသားလူမျိုးစုများ အသီးသီးသည် မိမိတို့လူမျိုးစုအား ကြံ့ခိုင်စွာရပ်တည်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်နိုင်ရန်

(၄) ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ တူညီမှုရှိသော တိုင်းရင်းသားလူမျိုးစုများကို စုစည်း၍ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရရှိစေရန်။

## ၈။ ယုံကြည်ချက်

တိုင်းရင်းသားလူမျိုးစုများ အားလုံးအမှန်တကယ် ဖွံ့ဖြိုးတိုးတက်နိုင်မှသာလျှင် နိုင်ငံတော်သည် အမှန်တကယ်အေးချမ်းသာယာပြီး ခေတ်မှီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ရောက်ရှိမည်ဟု ယုံကြည်ထားသည်။

## ၉။ ပါတီ၏အဖွဲ့အစည်းများအဆင့်ဆင့်

တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီကို ပထမအကြိမ်ရွေးကောက်ပွဲတွင် အောက်ပါအတိုင်းဖွဲ့စည်းပုံအဆင့်ဆင့်ကို သတ်မှတ်ထားပါသည်။

(က) အခြေခံပါတီအဖြစ် ကျေးရွာ၊ ရပ်ကွက် အုပ်စုပါတီဝင်များ

(ခ) မြို့နယ်ပါတီယူနစ်

(ဂ) ပြည်နယ်ပါတီ ဌာနချုပ်ရုံးခွဲ

(ဃ) ပါတီရုံးချုပ် လိုင်လင်းပီ

## ၁၀။ ပါတီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအဆင့်များ

တိုင်းရင်းသား လူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ၏ အလုပ်အမှုဆောင်များကို အောက်ပါအတိုင်း အဆင့်ဆင့်ဖွဲ့စည်းထားပါသည် -

(က) ကျေးရွာအုပ်စုပါတီအလုပ်အမှုဆောင်

(ခ) မြို့နယ်ပါတီယူနစ် အလုပ်အမှုဆောင်

(ဂ) ဗဟိုကော်မတီများ

(ဃ) အထွေထွေညီလာခံကိုယ်စားလှယ်များ

(င) ပါတီညီလာခံကိုယ်စားလှယ်များက အောက်ပါပုံစံအတိုင်း ဗဟိုအလုပ်အမှုဆောင် (၁၇)ဦးကိုရွေးကောက်တင်မြှောက်ထားပြီး တာဝန်များပေးအပ်သည်။

| | | | |
|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | (၅) | အတွင်းရေးမှူး(၂) |
| (၂) | ဒုဥက္ကဋ္ဌ | (၆) | ဘဏ္ဍာရေးမှူး(၁) |
| (၃) | အထွေထွေအတွင်းရေးမှူး | (၇) | ဘဏ္ဍာရေးမှူး(၂) |
| (၄) | အတွင်းရေးမှူး(၁) | (၈) | စည်းရုံးရေးမှူး |
| | | (၉) | အလုပ်အမှုဆောင် အဖွဲ့ဝင်များ(၇)ဦး |

(ဃ) သဘာပတိအဖွဲ့

ဗဟိုအလုပ်အမှုဆောင်မှ အမြဲတမ်း သဘာပတိတစ်ဦးနှင့် ညီလာခံအတွင်း လူထုကရွေးကောက်ထားသော ယာယီသဘာပတိ(၁)ဦးဖြင့် ဖွဲ့စည်းထားသည်။

(င) ကျေးရွာအုပ်စု ကိုယ်စားပြုဗဟိုကော်မတီဝင်များကို (၅၀)ဦးမှ (၁၂၀)ဦးအကြား ရွေးချယ်ထားရှိရန်။

(စ) ပါတီညီလာခံကိုယ်စားလှယ်များ

ပါတီဖွဲ့စည်းထားသော အခြေခံကျေးရွာများမှ ရွေးကောက်တင်မြှောက်ထားသော ပါတီညီလာခံ ကိုယ်စားလှယ်များကို (၃၀၀)မှ (၅၀၀)အကြား ရွေးချယ်ထားရှိမည် ဖြစ်သည်။ ၎င်းတို့သည် ပါတီ၏ အမြင့်ဆုံးသော အထွေထွေညီလာခံကိုယ်စားလှယ် (General Assembly member) များဖြစ်သည်။

## ၁၁။ ပါတီ၏အစည်းအဝေးကျင်းပခြင်း

(က) တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ၏ အမြင့်ဆုံးအာဏာကို ကျေးရွာများမှ ရွေးကောက်တင်မြှောက်ထားသော ညီလာခံကိုယ်စားလှယ်များ၊ ပါတီဗဟိုကော်မတီဝင်များနှင့် အထူးကိုယ်စားပြု ဖိတ်ကြားထားသော ကိုယ်စားလှယ်များပါဝင်သည့် **အထွေထွေညီလာခံ** (General Assembly) တွင်တည်ရှိသည်။

(ခ) ပါတီ၏ အထွေထွေညီလာခံကို တစ်နှစ်တစ်ကြိမ်ကျင်းပမည်ဖြစ်သည်။

(ဂ) ပါတီလုပ်ငန်းများအကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ ဗဟိုကော်မတီဝင်များ အစည်းအဝေးကို တစ်နှစ် (၂)ကြိမ် ပုံမှန်ပြုလုပ်ရမည်။ အရေးပေါ် (သို့) အထူးအစည်းအဝေးများကို လိုအပ်သလို အခါအားလျော်စွာ ခေါ်ယူကျင်းပနိုင်သည်။

**၁၂။ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ၏ စည်းရုံးရေးနယ်နမိတ်**

ပါတီသည် ပထမအကြိမ်ရွေးကောက်ပွဲတွင် ချင်းပြည်နယ်၏ နယ်နိမိတ်အတွင်း နေထိုင်သော တိုင်းရင်း သားလူမျိုးစုများတွင် စည်းရုံးရေးများဆောင်ရွက်မည်ဖြစ်သည်။

**၁၃။ ပါတီဌာနချုပ်တည်နေရာ**

ပါတီဌာနချုပ်ကို ချင်းပြည်နယ် မတူပီမြို့နယ်၊ လိုင်လင်းပီကျေးရွာတွင် ထားရှိသည်။ ၎င်း၏ ရုံးချုပ်ခွဲအဖြစ် ချင်းပြည်နယ် ဟားခါးမြို့တွင် ထားရှိသည်။

**၁၄။ ပါတီအလုပ်အမှုဆောင်များ၏သက်တမ်း**

(က) ပါတီအဖွဲ့အစည်းအသီးသီး၏ အလုပ်အမှုဆောင်များ တာဝန်များသက်တမ်းကို (၅)နှစ် သက်မှတ်ထားသည်။

(ခ) မြို့နယ်ရပ်ကွက်ကျေးရွာ အလုပ်အမှုဆောင်များ၏ လစ်လပ်နေရာများရှိပါက ရုံးချုပ်သဘောတူညီချက်ဖြင့် ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်များ လစ်လပ်နေရာများရှိပါက အနီးစပ်ဆုံးဗဟိုကော်မတီဝင် အစည်းအဝေးက အစားထိုးတင်မြှောက်ရွေးချယ်ရမည်ဖြစ်သည်။

**၁၅။ ပါတီဝင်ဖြစ်ခြင်း**

(၁) အသက်(၁၈)နှစ်ပြည့်သူတိုင်း မိမိဆန္ဒသဘောထားအလျောက် တိုင်းရင်းသား လူမျိုးစုများ ဖွံ့ဖြိုးရေးပါတီဝင်ခွင့်ရှိသည်။

(၂) ပါတီဝင်ဖြစ်လိုသူများသည် ပါတီဝင်ခွင့်လျှောက်လွှာများကို ဖြည့်စွက်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ပါတီယူနစ်အဖွဲ့တွင် တင်သွင်းရန်။

(၃) ပါတီဝင်အဖြစ် လျှောက်ထားသူများသည် နိုင်ငံတော်က ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲ နည်းဥပဒေနှင့် မငြိစွန်းသူဖြစ်ရမည်။

**၁၆။ ပါတီဝင်များလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းများ**

(က) တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ (ENDP) သည် အောက်ပါအချက်များအားစောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ပြုလုပ်ထားရှိရပါသည်။

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး။

(၂) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး

(၃) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေး

(၄) လူမျိုးရေး (သို့မဟုတ်) ဘာသာရေး (သို့မဟုတ်) လူတစ်ဦးချင်း (သို့မဟုတ်) လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့် ကိုယ်ကျင့်တရားထိခိုက်စေနိုင်သည့် ရေးသားဟောပြောမှု (သို့မဟုတ်) စည်းရုံးလှုံ့ဆော်မှုမပြုလုပ်ရေး

(၅) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမပြုလုပ်ရေး

(၆) နိုင်ငံခြားတိုင်းပြည်တစ်ခုခုကို အစိုးရ (သို့မဟုတ်) ဘာသာရေးအဖွဲ့အစည်း (သို့မဟုတ်) အခြားအဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေးပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း (သို့မဟုတ်) ယင်းတို့၏သြဇာခံခြင်း မပြုရေး

(ခ) တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီဝင်များအတွက် အောက်ပါစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

(၁) ပါတီဝင်များသည် ဤပါတီ၏ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းများ ရည်ရွယ်ချက်၊ မူဝါဒလမ်းစဉ်၊ အစည်းအဝေးဆုံးဖြတ်ချက်များ စသည်တို့ကို မလွဲမသွေလိုက်နာရမည်ဖြစ်သည်။

(၂) ပါတီ၏ သဘောထားသော်လည်းကောင်း၊ အခြားကိစ္စရပ်များသော်လည်းကောင်း၊ သတင်းစာများ၊ မီဒီယာ တခြား အဖွဲ့အစည်းများနှင့် ဆက်ဆံပြောဆိုရာတွင်လည်းကောင်း **ပြောရေးဆိုခွင့်ရှိသူ** (သို့) ပါတီက တာဝန်ပေးခြင်းခံရသူသာလျှင် ပြောဆိုဆက်ဆံရမည်ဖြစ်သည်။

(၃) ပါတီဝင်တိုင်းသည် ပါတီဆက်လက်ရပ်တည်နိုင်ရေးအတွက် အစည်းအဝေးက ဆုံးဖြတ်ထားသည့်ပါတီဝင်ကြေးကို သတ်မှတ်သည့်အချိန်တွင် ပေးသွင်းရမည်။

(၄) ပါတီဝင်အချင်းချင်းသည် ပါတီ၏ လုပ်ငန်းတာဝန်များကို လေးစားခြင်း၊ ပါတီဝင်အချင်းချင်း ရိုသေခြင်း၊ ပါတီတိုးတက်ရေးကိုရှေးရှု၍ လူမှုဆက်ဆံရေးများ ပြုလုပ်ခြင်းစသည့် အကျင့်သိက္ခာများထားရှိမည်ဖြစ်သည်။

**၁၇။ ပါတီဝင်အဖြစ်မှ နှုတ်ထွက်ခြင်း၊ ရပ်ဆဲခြင်း**

(က) ပါတီဝင်တစ်ဦးသည် နှုတ်ထွက်လိုပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ နှုတ်ထွက်လွှာတင်ပြရမည်။ ဗဟိုအလုပ်အမှုဆောင်၏ သဘောတူညီမှုဖြင့် နှုတ်ထွက်ရမည်ဖြစ်သည်။

(ခ) ပါတီဝင်တစ်ဦးသည် အဖွဲ့အစည်းမူဝါဒများ မလိုက်နာဘဲ ပါတီ၏ဂုဏ်သရေသိက္ခာကို ပျက်စီးစေမည့် အပြုအမူများ နိုင်ငံတော်၏ တရားမဝင်အလုပ်များဆက်လက်လုပ်ကိုင်ခြင်းများပြုလုပ်ပါက ဗဟိုပါတီအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် တာဝန်မှသော်၎င်း ပါတီဝင်အဖြစ်မှသော်၎င်း ရပ်ဆဲခြင်းပြုလုပ်ရမည်။

(ဂ) ပါတီဝင်တစ်ဦးသည် ကွယ်လွန်အနိစ္စရောက်လျှင် ပါတီဝင်အဖြစ်မှ ရပ်ဆဲရမည်ဖြစ်သည်။

**၁၈။ ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ ဥပဒေများနှင့် မူဝါဒသဘောတရားများကို ပါတီ၏ အမြင့်ဆုံးနှင့် အာဏာအရှိဆုံးဖြစ်သော အထွေထွေညီလာခံ (General Assembly) က အတည်ပြုလက်ခံခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။**

ဗဟိုအလုပ်အမှုဆောင်
တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေး ပါတီ
(ENDP)

# တိုင်းရင်းသား လူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ
# Ethnic National Deveopment Party (ENDP)
## ဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်

## ၁။ နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုများ (၁၃၅)စုနေထိုင်လျက်ရှိပါသည်။ ထိုတိုင်းရင်းသားလူမျိုးစုများသည် မိမိတို့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့သူများဖြစ်ကြသည်။ ထို့ကြောင့် နိုင်ငံတော် အတွင်း၌ တိုင်းရင်းသားလူမျိုးစုများ တိမ်ကောပပျောက်ခြင်းမရှိဘဲ ကြံ့ခိုင်စွာ ရပ်တည်နိုင်ရေးနှင့် တိုးတက်ဖွံ့ဖြိုးစေရေးသည် နိုင်ငံတော်၏အဓိက တာဝန်တစ်ရပ်ပင်ဖြစ်သည်။ တိုင်းရင်းသား လူမျိုးစုများအကြား ပဋိပက္ခများကင်းရှင်းပြီး ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံတော်သည် ပိပိပြင်ပြင် တိုးတက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် တစ်ဖက်စွန်းတိုးတက်မှုများမရှိစေရန် တိုင်းရင်းသားလူမျိုးစုအားလုံးတန်းတူညီမျှသော အခွင့်အရေးကို ပေးနိုင်မှသာလျှင် ခေတ်မှီတိုးတက်သော ဒီမိုကရေစီ၏ အနှစ်သာရနှင့် အကျိုးတရားများကို ရရှိပေါ်ထွန်းလာမည်ဖြစ်သည်။

## ၂။ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ၏ ဝါဒသဘောထား

တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီသည် စည်းကမ်းပြည့်ဝ၍ ခေတ်မှီတိုးတက်သော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးစုပေါင်း (၁၃၅)စုတို့၏ မွေးရာပါအခွင့်အရေးများပေးခြင်း၊ တရားမျှတ၍ တန်းတူညီမျှသော အခွင့်အရေးများပေးခြင်း၊ ခေတ်မှီတိုးတက်သော လူမျိုးစုများအဖြစ်သို့ရောက်ရှိရန် မြင့်တင်ပေးခြင်း အစရှိသည်တို့ကိုဆောင်ရွက်ပေးရန် လိုအပ်ပေသည်။ မတူကွဲပြားခြားနားကြသော တိုင်းရင်းသားလူမျိုးစု များ၏ ယုံကြည်ကိုးကွယ်မှု၊ စာပေယဉ်ကျေးမှုများအသီးသီးကို ထိန်းသိမ်း တိုးတက်ကြစေရန်လည်း လိုအပ်ပေသည်။ သို့မှသာ ပန်းခြံတစ်ခုတွင် ပန်းမျိုးစုံ ဖူးပွင့်၍လှပတင့်တယ်နေသကဲ့သို့ နိုင်ငံတစ်ခုတွင် တိုင်းရင်းသား လူမျိုးစုံမျိုးစုံတည်ရှိ၍ မိမိတို့၏ဒေသရိုးရာ ဓလေ့ထုံးစံများအသီးသီး ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်ကြီး၏ တင့်တယ်လှပသော ကျက်သရေကို ပေါ်ထွန်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ မှီတင်းနေထိုင်ကြခြင်းသည် လူမျိုးရေးပြဿနာတစ်ရပ်

ဟု မရှုမြင်ဘဲ ပြည်ထောင်စုနိုင်ငံတော်၏ ပြည့်စုံကြွယ်ဝသော ဂုဏ်ကျက်သရေ ဖြစ်သည်ဟူ၍ ပါတီ၏အခြေခံ မူဝါဒသဘောတရား ဖြစ်သည်။

**၃။ တိုင်းရင်းသား လူမျိုးစုများဖွံ့ဖြိုးရေးပါတီ (ENDP) ၏ခံယူချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သော၊ လူမျိုးစုပေါင်းစုတို့အား စည်းလုံးညီညွတ်ပြီး တင့်တယ်လှပသော ပါတီစုံဒီမိုကရေစီ နိုင်ငံတော်သစ်ကို ထူထောင်ရာ၌ အောက်ဖော်ပြပါအချက်များကို သဘောထားအဖြစ်ခံယူအပ်ပါသည်။

(က) တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ပါတီ၏ နိုင်ငံရေးမူဝါဒသဘောထားဖြင့် ခံယူသည်။

(ခ) တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်ရှောက်ရှိသေပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရန်။

(ဂ) တိုင်းရင်းသားလူမျိုးစု ဖွံ့ဖြိုးရေးပါတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်။

(ဃ) ချင်းပြည်နယ်အတွင်း နေထိုင်သော တိုင်းရင်းသား လူမျိုးစုများနှင့်အတူ နိုင်ငံတော်တွင်းရှိ တိုင်းရင်းသားလူမျိုးစု အားလုံး၏ ပင်ကိုယ်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းရန်နှင့် ၎င်းတို့၏ ယဉ်ကျေးမှုများကို ဖွံ့ဖြိုးတိုးတက်စေရန်။

**၄။ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီဆန္ဒသဘောထား**

မြန်မာတစ်နိုင်ငံလုံးတွင် နေထိုင်သော လူမျိုးစုများအားလုံး၏ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ဝိုင်းဝန်းဆောင်ရွက်ရန် အောက်ပါအတိုင်း ဆန္ဒသဘောထားရှိသည်။

**(က) နိုင်ငံရေး**

(၁) နိုင်ငံတော်အစိုးရအဖွဲ့များသည် နိုင်ငံရေးရာကိစ္စအဝဝကို ဆောင်ရွက်ရာ၌ တိုင်းရင်းသားလူမျိုးစုများ၏အရေးကို အဓိကအလေးပေး ဆောင်ရွက်နိုင်ရေးကို ဦးတည်ရန်။

(၂) တိုင်းရင်းသားလူမျိုးစုများတွင် အချင်းချင်းဖိနှိပ်မှုမရှိဘဲ အပြန်အလှန်လေးစားမှုများရှိစေရန်နှင့် တန်းတူအခွင့်အရေးများရရှိရန်။ (မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို မရှိစေရန်)

(၃) တိုင်းရင်းသားလူမျိုးစုများအား မိမိတို့၏စာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဖော်ထုတ်နိုင်ခြင်း၊ ပြဋ္ဌာန်းနိုင်ခြင်း၊ ကာကွယ်ထိန်းသိမ်းပိုင်ခွင့်များရှိစေရန်။

(၄) ဒီမိုကရေစီလုပ်ထုံးလုပ်နည်းအရ တိုင်းရင်းသားလူမျိုးစုများသည် လွတ်လပ်စွာ ပြောဆိုရေးသားပိုင်ခွင့်၊ တင်ပြပိုင်ခွင့်များ ရရှိစေရန်။

(ခ) **စီးပွားရေး**

(၁) နိုင်ငံတော်အခြေခံဥပဒေပြဋ္ဌာန်းထားသော ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင်ကျင့်သုံးခြင်းကို အကြွင်းမဲ့ထောက်ခံသည်။

(၂) နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ်တွင် ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်။

(၃) စိုက်ပျိုးရေးတွင် မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီသိပ္ပံနည်းကျသော စိုက်ပျိုးရေးများဖြင့် အစားထိုးဆောင်ရွက်ရန်။

(၄) ကျေးရွာအုပ်ချုပ်ရေးတွင် မိမိတို့ကျေးရွာများ တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ရေကောင်းရေသန့်ရရှိရေး၊ ဝမ်းစာဖူလုံရေး၊ ဆက်သွယ်ရေး လုပ်ငန်းများကောင်းမွန်ရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ထိရောက် ကျယ်ပြန့်စွာ ဆောင်ရွက်ပေးရန်။

(၅) ရင်းနှီးမြှုပ်နှံမှုများ နည်းပညာတိုးတက်ရေးနှင့်၊ ကုန်ထုတ်လုပ်ငန်းများ မှန်ကန်စွာလည်ပတ်နိုင်ရေးတို့အတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးများ၊ ကျွမ်းကျင်သောပညာရှိများ ဖိတ်ခေါ်ရန်။

(၆) ကုန်ဈေးနှုန်းများတည်ငြိမ်ရေး၊ အခွန်တော်များကောက်ခံရေး၊ ဝန်ဆောင်မှုစရိတ်များတိုးမြှင့်ရေးတို့တွင် လူထုအကျိုးပြုမှုများရှေ့ရှုပြီး ပိုမိုထိရောက်မှုများရှိစေရန်။

(ဂ) ပညာရေး

(၁) မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သော လူမျိုးစုများ၏ ပညာရေးမြှင့်တင်နိုင်ရန် မူလတန်းဆင့်ပညာကို မသင်မနေရပြဋ္ဌာန်းပြီး အခမဲ့သင်ယူခြင်းဖြင့် ပြဋ္ဌာန်းရန်။

(၂) ကျေးရွာတိုင်းတွင် အခြေခံပညာဆင့်ကို သက်သာစွာဖြင့်ပြီးမြောက် သင်ယူနိုင်ရန်အတွက် မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများ၊ အထက်တန်းကျောင်းများ စသည်တို့ကို ဖွင့်လှစ်ထားရှိပေးရန်။

(၃) အဆင့်မြင့်ပညာရေးကို ပိုမိုလွယ်ကူစွာ သင်ကြားနိုင်ရန် အတွက် ပြည်နယ်မြို့ကြီးများတွင် ကောလိပ်များ၊ တက္ကသိုလ်များ၊ နည်းပညာကျောင်းများ၊ အခြားသင်တန်းကျောင်းများကို ဆက်လက် ဖွင့်လှစ်ထားရှိပေးရန်။

(၄) ပြည်နယ်များတွင် ဒေသန္တရပညာရေးစနစ်ကို ကျင့်သုံးစေရန်။

(၅) ကျောင်းသင်ရိုးများကို ကမ္ဘာ့အဆင့်မီဖြင့် ပြဋ္ဌာန်းထားရမည်။

(ဃ) **ကျန်းမာရေး**

(၁) ကျေးလက်ဒေသရှိ တိုင်းရင်းသားလူမျိုးစုများ ကျန်းမာရေးကို ကောင်းမွန်စေရန် ကျေးရွာတိုင်းတွင် ကျန်းမာရေးဌာန ဝန်ထမ်းများထားရှိရန်နှင့် အနီးစပ်ဆုံးမြို့များတွင် ပြည်သူ့ဆေးရုံများထားရှိရန်။

(၂) ကျေးလက်ဒေသများတွင် အခမဲ့ဆေးဝါးကုသခြင်းနှင့် အခမဲ့ဆေးပညာသင်တန်းများကို အခါအားလျော်စွာ သင်ကြားပို့ချခြင်းများပြုလုပ်ရန်။

(၃) ကျန်းမာရေးအထောက်အကူပစ္စည်းများ (ခြင်ထောင်၊အိမ်သာခွက်၊ ရေသန့်ဗူးစသည်များ) ရရှိအသုံးချနိုင်ရေးအတွက် ဆောင်ရွက်ရန်။

(င) **လမ်းပန်းဆက်သွယ်ရေး**

(၁) ဝေးလံခေါင်ပန်းသော တိုင်းရင်းသားလူမျိုးစုများ တိုးတက်ရေး လျှင်မြန်စေရန် ကားလမ်းများ၊ တံတားများကို ကျေးရွာတိုင်းသို့ ဆက်သွယ်ဖောက်လုပ်ပေးရန်။

(၂) ဆက်သွယ်ရေး လွယ်ကူစေရန် ကျေးရွာတိုင်းတွင် ဆက်သွယ်ရေးကိရိယာများ (တယ်လီဖုန်း၊ကြေးနန်း)များကို တပ်ဆင်ပေးရန်။

(၃) ချင်းပြည်နယ်ရေကြောင်းလမ်းတွင် ကုလားတန်မြစ်ကြောင်းကို ပလက်ဝမြို့မှ ကျေးရွာများအသီးသီးသို့ စက်လှေများ၊ သင်္ဘောများလွယ်ကူစွာ သွားလာနိုင်ရေးအတွက်ဆောင်ရွက်ရန်။

၅။ **ဘာသာရေး**

(က) လူတိုင်းသည် ဘာသာရေးလွတ်လပ်စွာကိုးကွယ်ခွင့်နှင့်အညီ ဘာသာရေးအသင်းအဖွဲ့များလွတ်လပ်စွာ တည်ထောင်ခွင့်ပြုရန်။

(ခ) သာသနာပိုင်ပညာရေးကျောင်းများဖွင့်လှစ်ထားခြင်းကိုခွင့်ပြုရန်။

(ဂ) ဘာသာရေးနှင့် နိုင်ငံရေးကို ရောထွေးခြင်းမပြုဘဲ၊ နိုင်ငံရေးပါတီများသည်လည်း ဘာသာရေးကို နိုင်ငံရေးအဖြစ်ခုတုံးမပြုလုပ်ရန်။

## ၆။ စာပေနှင့်ယဉ်ကျေးမှု

(က) တိုင်းရင်းသားလူမျိုးစုများ အသီးသီးသည် မိမိတို့၏ စာပေယဉ်ကျေးမှုများကို လွတ်လပ်စွာ ဖော်ထုတ်သုံးစွဲပိုင်ခွင့်နှင့် ကာကွယ်ထိန်းသိမ်းပိုင်ခွင့်များရှိစေရန်။

(ခ) တိုင်းရင်းသားလူမျိုးစုများသည် မိမိတို့၏ နေထိုင်ရာနယ်မြေဒေသများရှိ မူလတန်းဆင့်ပညာရေးတွင် မိမိတို့၏ စာပေများကို ပြဋ္ဌာန်းသင်ကြားနိုင်ခွင့်ရှိစေရန်။

(ဂ) တိုင်းရင်းသားလူမျိုးစုများသည် မိမိတို့၏ စာပေဖြင့်သတင်းစာများ၊ ဂျာနယ်များ စာအုပ်များကို လွတ်လပ်စွာ ထုတ်ဝေပိုင်ခွင့်ရှိစေရန်။

(ဃ) နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုများ တိုးတက်စေရေးနှင့် ထိန်းသိမ်းရေးတွင် ပံ့ပိုးကူညီထောက်ပံ့ရန်။

## ၇။ ပါတီလုပ်ငန်းစဉ်များ

(က) တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ (ENDP) ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက တရားဝင်ထုတ်ပြန်ချက်များကို တသွေမတိမ်းလိုက်နာရမည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတွင် မည်သည့်အစိုးရက နိုင်ငံတော်ကိုဦးစီးဦးဆောင်ပြုသည်ဖြစ်စေကာမူ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီသည် လိုက်လျောညီထွေရေးလမ်းစဉ်ကို ကျင့်သုံးမည်ဖြစ်သည်။

(ဂ) သီးခြားတိကျမှန်ကန်သော စာပေယဉ်ကျေးမှုဓလေ့ထုံးစံများရှိပြီး နယ်မြေတစ်ဆက်တစ်ဆက်တည်းရှိ၍တစ်စုတစ်စည်းတည်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သတ်မှတ်ပေးရန်။ ဥပမာ- မာရာ၊ လောင်သူ၊ ဇိုဖေ၊ ဇိုသုန်၊ မျို(ခ)ခမိ စသည့်လူမျိုးစုများ

(ဃ) ချင်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုးစုများ၏ စားဝတ်နေရေးဖူလုံရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့ကို အဓိကထားဆောင်ရွက်ရန်။

(င) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး တိုးတက်ရေးများတွင် တိုင်းရင်းသားလူမျိုးစုများ ပါတီသည် တက်ကြွစွာပါဝင်ရမည်။

ဗဟိုအလုပ်အမှုဆောင်

တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ (ENDP)